# ထီးတော်မိုးကျေးရွာ

## ကန်ကြီးထောင့်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇–၂၀၂၂)












ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထီးတော်မိုးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ထီးတော်မိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၉

**(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၉

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၂၁

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၂၂

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၅

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၉

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ** ၃၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၃၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၃၆

(၁) **လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅	ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆	ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇	ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ
ဇယား ၈	ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉	ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂)	ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁	ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂	ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃	ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄	ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅	အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆	ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇	သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈	သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀	မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁	မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က	စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ
ဇယား ၂၃-ခ	စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄	ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅	ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆	ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇	ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈	ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉	သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀	မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှု နှုန်း
ဇယား ၃၁	ကျောင်းတက်နှုန်း
ဇယား ၃၂	စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃	ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄	အဖြစ်များသော ရောဂါများ
ဇယား ၃၅	လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၅

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၇၇

**ကိုးကားစာရင်း** ၈၂

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၁၉ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ထီးတော်မိုးကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ထီးတော်မိုးကျေးရွာ၊ မြင်းကဆိပ်ကျေးရွာအုပ်စု၊ ကန်ကြီးထောင့်မြို့နယ်၊ ရွာတည်နေပုံ အခြေပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ

တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ မြင်းကဆိပ်တိုက်နယ်၊ ထီးတော်မိုးကျေးရွာ ပုသိမ်-မြောင်းမြလမ်းမှ တောင်ဘက်သို့ ခွဲထွက်သွားသော (၄)ဖာလုံခန့်ဝေးသည့် လမ်းသွယ်၏ထိပ်တွင် တည်ရှိပြီး ကျောက်ချောလမ်းခင်းထားရာ ထီးတော်မိုးကျေးရွာသို့ သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသည် ရေနုတ်မြောင်း၊ ရေသွင်းမြောင်းများ ဆက်စပ်နေပြီး နွေစပါး၊ မိုးစပါးများ စိုက်ပျိုးရလွယ်ကူပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် အဓိက အားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် တာတဇင်ချောင်းနှင့် ဆက်စပ်နေသော ရေသွင်းမြောင်းများဖြင့် ဆက်သွယ်ထားပြီး တစ်နှစ်ပတ်လုံး ရေချိုရရှိသဖြင့် လယ်မြေများတွင် စပါးစိုက်ပျိုးရန် အထူးကောင်းမွန်သည်။ ကျေးရွာတွင် လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်ယာမြေ စိုက်ပျိုးဧက (၁၀၀) ဧကခန့်ရှိပြီး မိုးရာသီမြစ်ရေကြီးချိန်တွင် ရံဖန်ရံခါ မြစ်ရေဝင်ရောက်မှုရှိသဖြင့် ဧကအနည်းငယ်ပျက်စီးမှုရှိပါသည်။ ကျန်လယ်မြေအများဆုံးမှာ မိုးစပါးနှင့် နွေစပါးကို အဓိက စိုက်ပျိုးပြီး လယ်ယာမြေအနည်းငယ်မှာ ပဲစိုက်ပျိုးခြင်း ဖြစ်ပါသည်။ စိုက်ပျိုးဧကအားလုံးနီးပါး ရေသွင်းမြောင်းများဖြင့် နွေစပါးများကို အဆင်ပြေစွာ စိုက်ပျိုးနိုင်သည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီး နွားစာအတွက်မြက်များကို လယ်ကန်သင်းများတွင် အလွယ်တကူ ရရှိနိုင်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၀) စုနှင့် ကျား (၁၁၃)၊ မ(၁၀၆) ဦးဖြင့် လူဦးရေပေါင်း(၂၁၉) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၈၈) ဦးနှုန်းရှိပြီး နိုင်ငံတော်၏

တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှင့်ကွာခြားမှုရှိနေပါသေးသည်။ ကျေးရွာတွင် ဗမာ/ဗုဒ္ဓ ကရင်/ဗုဒ္ဓ ကရင်/ခရစ်ယာန် လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ ၇၅% ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၇.၈% ပိုများသဖြင့် ကွာခြားမှုနည်းပါးပါသည်။ သို့သော် အမျိုးသမီးများအသက်အရွယ်မရွေး လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး ရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်ဆိုသော်လည်း အိမ်ထောင်စုအများစုမှာ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၆.၁၀% သည် ဆင်းရဲနှင့်အလွန် အိမ်ထောင်စုအဆင့် အဖြစ်သတ်မှတ်ကြပြီး ၂၀.၃၄% သည် အလယ်အလတ်အိမ်ထောင်စုများဖြစ်ပြီး၊ ၁၃.၅၆% သည် အဆင်ပြေသည့်အဆင့်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမမှီမှု၊ လယ်ယာသုံး စက်ကိရိယာများပိုင်ဆိုင်မှုနှင့် မြောင်းရေသွင်း၍ စိုက်ပျိုးနိုင်မှုတို့ကြောင့် တောင်သူ ၁၃ဦး၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ပြောနိုင်သည်။ အဆင်ပြေသောအိမ်ထောင်စုများနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုများမှာ လက်သမား ပန်းရံ၊ အရောင်းအဝယ်နှင့် လယ်ယာလုပ်သားများ အဖြစ်အသက်မွေးဝမ်းကျောင်းပြုကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ လက်သမား၊ ပန်းရံသမားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် (၁၉.၄၉%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲသော အိမ်ထောင်စုများပါဝင်ကြသည်။ အလုပ်အကိုင်ရှားပါးသောလများတွင် ဝမ်းစာမဖူလုံသော အိမ်ထောင်စုမှာ (၂၈.၅၇%) ခန့်ရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ ခြောက်ပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး လက်လီဈေးရောင်း၊ လက်သမား၊ ပန်းရံ၊ ခေါင်းရွက်ဗျပ်ထိုး စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၂၅) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၄% မှာ တစ်နှစ်ပတ်လုံးကြွေးမတင်ဘဲ ၉၆% မှာ သုံးလခန့်လောက် ကြွေးတင်နေကြောင်းသိရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော

အိမ်ထောင်စုအားလုံးသည် ၁၅၀၀၀၀ ကျပ်မှ ၄၀၀၀၀၀ကျပ် အထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ စိုက်ပျိုးရေးသမဝါယမ အသင်း၊ ဂရုဏာအဖွဲ့မှပံ့ပိုးထားသော ကျေးရွာရှိ အများပိုင်ရန်ပုံငွေများမှ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် အဓိကသုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၁၃) ဦးနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးမ ဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားမှာ သစ်တော ပြုန်းတီးမှုကိုသာ အသင့်အတင့် မြစ်ရေကြီးခြင်း ဖြစ်သဖြင့် ထိခိုက်သက်ရောက်မှု နည်းပါးကြောင်း တွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသော်လည်း တစ်ခါ တစ်ရံ မိုးရာသီတွင် သွေးလွန်တုပ်ကွေးအဖြစ်များကြပြီး သေဆုံးသည်အထိ ရှိခဲ့ပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်သာရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ ၁ ဖာလုံခန့်အကွာရှိ မြင်းကဆိပ်ကျေးရွာရှိ ဆေးပေးခန်းတို့ထံ သွားရောက်ကုသမှုခံယူနိုင်ပြီး ကြီးမားသောရောဂါများအတွက် ကျေးရွာနှင့် ၂၀ မိုင်ခန့်ကွာဝေးသော ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သည့် ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့လည်း သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာတွင် သောက်ရေတွင်း(၁)တွင်းရှိပြီး၊ သုံးရေအတွက် ရေတွင်း၊ ရေတုံကင်များကို သုံးစွဲကြရသဖြင့် သောက်သုံးရေ လုံလောက်မှုရှိသော်လည်း သောက်ရေတွင်းမှာ လယ်ကွင်းထဲတွင် ရှိသဖြင့် မိုးရာသီတွင် ရွှံ့ရေများ ဆင်းခြင်း၊ မိုးစပါး နှင့် နွေစပါးများ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးများ ဖြန်းခြင်းတို့ကြောင့် ရွာသားများအတွက် ကျန်းမာရေးအန္တရာယ် ရှိလာနိုင်သောကြောင့် သက်ဆိုင်ရာ ဌာနများသို့ တင်ပြ၍ စက်ရေတွင်းတစ်တွင်း တူးဖော်ရန် လိုအပ်လျက်ရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာတွင် ၃.၀၆ % နှင့် တက္ကသိုလ်ကျောင်းသား ၅.၉% ခန့်ရှိပါသည်။ မြင်းကဆိပ်ကျေးရွာအုပ်စုအတွင်းရှိ မြင်းကဆိပ်အခြေခံပညာရေးအထက်တန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကြောင်း လုပ်ငန်းဆိုင်ရာ

ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း နည်းပါး ဆဲဖြစ် သည်။

**(စ) ကျား‌မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင်ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/ မတို့၏အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။

ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အသင့်အတင့်ရှိကြပြီး အခြားလူမှုရေးအသင်းအဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်မှု အားကောင်းလာကြသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးနှင့် ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (၂)ဖွဲ့ တို့ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက် မြို့နယ်မှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးဆိုင်ရာ သင်တန်းများတက်ရောက်ခြင်း၊ မိန်းကလေးများ လူကုန်ကူးမှု တိုက်ဖျက်ရေး ဟောပြောပွဲများ တက်ရောက်ခြင်း၊ ပြန်လည်ဆွေးနွေးမျှဝေခြင်း စသည်တို့ကို ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များ အနေဖြင့် စိုက်ပျိုးရေးဘဏ်၊ ကျေးရွာစိုက်ပျိုးရေး သမဝါယမ

အသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် ကရဏာအဖွဲ့တို့ ရှိကြပြီး ကျေးရွာသား အချို့မှာ ယင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာမှာ ပုသိမ်-မြောင်းမြ ကားလမ်းမကြီးမှ ခွဲထွက်လာသော မြင်းကဆိပ် ဝဲဘက်တွင် တည်ရှိပါသည်။ သို့သော် လျှပ်စစ်မဟာဓာတ်အားလိုင်းမှာ ယခုအစီရင်ခံစာ တင်ပြနေသည့် ထီးတော်မိုးကျေးရွာထိပ်မှ ဖြတ်သန်းလျှက်ရှိသော်လည်း လျှပ်စစ်ကို "မြင်သာမြင်ရ မကြင်ရ" သည့် ဘဝ အခြေအနေဖြစ်နေပါသည်။ သက်ဆိုင်ရာ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ အခွင့်ပေးလျှင် အလွန်လွယ်ကူသည့် အနေအထားတွင် ရှိနေပါသဖြင့် သက်ဆိုင်ရာမှ ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး တချို့အိမ်ထောင်စုများမှာ သီးပင်စားပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၀၀) ဧက ခန့် ရှိပြီး နွေစပါးကိုလည်း ဧက (၅၀)ကျော်ခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးတစ်ဧက ပျှမ်းမျှအထွက်နှုန်းမှာ (၅၀)တင်း၊ နွေစပါးတစ်ဧက ပျှမ်းမျှအထွက်နှုန်းမှာ (၉၅)တင်းခန့်ရှိပါသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး၊ လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိ နိုင်ကြသဖြင့် ကုန်ကျစရိတ်မြင့်မားပါသည်။ စပါးစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို တွေ့ရှိရပြီး ဖျက်ပိုးနှိမ်နှင်းရေး နည်းစနစ်နှင့် ဆေးဝါးများ၊ လယ်ယာသုံးဓာတ်မြေဩဇာများအတွက် စိုက်ပျိုးရေးဦးစီး ဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလိုပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များဖြင့် လုပ်ကိုင်နိုင်သူ ဦးရေ (၂၀)ဦးခန့်ရှိပါသည်။ ကိုယ်ပိုင်လက်တွန်းထွန်စက်မရှိသည့် တောင်သူများမှာ ငှားရမ်းထွန်ယက် ကြရပြီး တစ်ဧကလျှင် ၂၀၀၀၀/- နှင့် စက်မောင်းဆီပါဝယ်ရသဖြင့် ငှားရမ်းခဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ကြရသောကြောင့် ငှားရမ်းခဈေးနှုန်းသက်သာစွာ ရရှိငှားရမ်းနိုင်ရေးကို လိုလားတောင့်တ နေကြပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ အများစုဖြစ်ပြီး ဒေသဝက်မျိုးများကို တစ်အိမ်လျှင် တစ်ကောင်၊ နှစ်ကောင်မျှသာ မွေးမြူကြပြီး၊ ဒေသကြက်များကို အိမ်တိုင်းနီးပါး ၅ကောင်မှ ၁၀ကောင်နှုန်းလောက်အထိ တပိုင်တနိုင်မွေးမြူကြသည်။ နိုင်ငံခြားဝက်မွေးမြူသူတစ်ဦး ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော ကြက်နာ၊ ဝက်နာ တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ နို့စားနွားမွေးမြူခြင်း မရှိပါ။ သီးနှံစိုက်ပျိုးရေး လုပ်ငန်းတွင် ဝင်ငွေ အထိုက်အလျောက်ရရှိနိုင်ခြင်း၊ ကူးစက်ရောဂါ အခါအားလျော်စွာ ကျရောက်တတ်သဖြင့် မွေးမြူရေးလုပ်ငန်းကို ဝင်ငွေရ လုပ်ကိုင်မှု အားနည်းပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ကုန်စုံဆိုင်လုပ်ငန်း၊ ဟင်းသီးဟင်းရွက်စိမ်း အရောင်းဆိုင် ၊ နေ့စားအလုပ်များ၊ မော်တော်ဆိုင်ကယ်ဖြင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း ၊ မုန့်ဟင်း ခါး/အကြော်စုံလုပ်ငန်း၊ အစိုးရဝန်ထမ်းလုပ်ငန်း၊ အခြားဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ၎င်းလုပ်ငန်းများသည် ဝင်ငွေအသင့်အတင့် ရရှိသော်လည်း မိသားစု စားဝတ်နေရေး၊ ကျန်းမာရေး၊ မိသားစုဖူလုံမှု အားနည်းနေသေးသည်။ ကျပမ်းအလုပ်သမား အချို့သည် တစ်နေ့လျှင် လုပ်အားခ ၃၅၀၀ ကျပ် နှုန်းမှ ၄၀၀၀ ကျပ် နှုန်းအထိသာ ရရှိကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၇,၀၀၀/- ကျပ် အဖြစ်ရရှိ သော်လည်း လုပ်ငန်းမှာ တစ်နှစ်ပတ်လုံး မလုပ်ရပါ ။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ ကျပမ်းအလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်း ခြွေလှေ့စက်ကြီးများကို ငှားရမ်းလုပ်ကိုင်ကြသဖြင့် အလုပ်သမားလိုအပ်မှုလျော့နည်းလာသဖြင့် နေ့စားအလုပ်သမားများအတွက် အလုပ်အကိုင် အခက်အခဲ အနည်းငယ်ရှိ ပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ ကျေးရွာမှ အချို့သောမိသားစုများသည် ရန်ကုန်နှင့် ပုသိမ်မြို့များသို့ သားသမီးများကို သွားရောက်လုပ်ကိုင်စေပြီး အသက်မွေးဝမ်းကြောင်းအတွက် အာမခံချက် ပေးနိုင်သော အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်ခြင်း၊ မိုဘိုင်းဖုန်းပြင်ခြင်း၊ ကားမောင်း ကားပြင် (ဝပ်လျှော့) စသည့်လုပ်ငန်းများတွင် အထိအတွေ့ နည်း ပါးသောကြောင့်လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် နိမ့်ကျသဖြင့် ကျွမ်းကျင်မှု အခြေခံ သည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ရောဂါများ ဝင်ရောက်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတု မြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်တစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ၊ ဟောပြောပွဲများကို မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများ တစ်ခါတစ်ရံ ဖြစ်ပွားတက်ပါသည်။ မုန်တိုင်းဘေးအန္တရာယ် ကျရောက်မှုနည်း ပါး၍ အားပြင်းသော မုန်တိုင်း

ဝင်ရောက်မှု တခါတရံကြုံတွေ့ရတတ်သည်။ ကျေးရွာ၏ ဘေးပတ် ဝန်းကျင်မှာ လယ်ယာမြေများ မြောင်းများ၊ သစ်တော သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေသောကြောင့် မိုးခေါင်ခြင်း သဘာဝ အန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာစိုက်ပျိုးရေး သမဝါယမအသင်းကို အဖွဲ့ဝင် ပေါင်း (၈)ဦး ပါဝင် ဖွဲ့စည်းထားပြီး မြို့နယ် သမဝါယမအသင်းစုချုပ်မှ ချေးငွေပမာဏ (၁၆)သိန်းကို ချေးယူထားပါသည်။ ကရုဏာအဖွဲ့ဖွဲ့စည်းထားပြီး ရွာသားအချို့မှာ အဖွဲ့လိုက် အဖွဲ့ဝင်များ အဖြစ် ပါဝင်ကြကာ အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။

အသင်းဝင်များသည် ချေးငွေကို အဓိကအားဖြင့် စားသောက်ခြင်း၊ ဝင်ငွေရလုပ်ငန်း လုပ်ကိုင်ခြင်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုရန် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားသည်ကို တွေ့ရ ပါသည်။ ကရုဏာအဖွဲ့မှ Dream စီမံချက်ဖြင့် ကျန်းမာရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ ပညာရေး၊ မူကြို နှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပံ့ပိုးငွေများ ထောက်ပံ့ထား ပါသည်။ ဆင်းရဲ နှင့် အလွန်ဆင်းရဲ အိမ်ထောင်စု များ၏ အကြွေးတင်ရှိမှုကို လေ့လာ ဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် (၁၅၀၀၀၀/-)ကျပ် မှ (၄၀၀၀၀၀/-)ကျပ် အထိ ရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို အလျား ၂၀၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၅ ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြား ပေးသည်။ ကျေးရွာရှိ မူလွန် (ဘက) ကျောင်းကြီးကို (၂၀၀၆) ခုနှစ်တွင် ဆရာတော်ကြီး ဦးကောဝိဒ မှ ဦးစီးမတည်၍ ကျေးရွာစုပေါင်းထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့သည်။ ဆရာတော်ကြီးနှင့် ကျေးရွာ မှ စုပေါင်းငွေဖြင့်သာ ဆရာ/ ဆရာမများကို ငှားရမ်းသင်ကြားပေးရသောကြောင့် ဆရာ/ ဆရာမများ ၏လစာမှာ အလွန်နည်းပါးနေပါသည်။ ကျောင်းတွင် ဆရာ/ ဆရာမ (၇) ဦးခန့်သာရှိ၍ လုံလောက်မှု မရှိသည့်အပြင် လစာငွေမှာလည်း (၈၀,၀၀၀/-) ခန့်သာ ရရှိကြပါသည်။ ရွာသားအားလုံး၏ ၉၅% မှာရေးတတ်ဖတ်တတ်ကြသည်။ မူလတန်းအောင်ချက် ရာခိုင်နှုန်းလည်း မြင့်မားသည်။ ကျောင်းတွင် ပရိဘောဂတို့လုံလောက်မှု မရှိသည့်အပြင် တပည့်ဆရာအချိုးသည် ၅၀ ဦးရှိသဖြင့် ကျောင်းဆရာ/ မ အင်အားလုံလောက်မှုမရှိပါ။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်း/ လွန် ကျောင်းသားများ အတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ ၃ ဖာလုံခန့်ဝေးသည့် မဂ္ဂုကျွန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်း၊ ၇ မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်မြို့နယ်ဆေးရုံတို့တွင်လည်း သွားရောက်ကုသနိုင်ကြသည်။ လိုအပ်သောဆေးဝါးများကို မဂ္ဂုကျွန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် ရရှိနိုင်သည်။

သောက်ရေအတွက် ရေတွင်း၊ အဝီစိတွင်း (စက်တပ်) နှင့် အဝီစိတုံကင်တွင်းများ တူးဖော်တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/ သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း နွေရာသီတွင် ညနေပိုင်းတွင် ခြင်းဝိုင်း၊ ပိုက်ကျော်ခြင်း၊ ဘောလုံးကွင်းများ လူငယ်တိုင်းလိုလို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ လမ်းဖောက် မြေဖို့ခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် အားကြိုးမာန်တက် ပူးပေါင်းပါဝင်မှုများရှိသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ထီးတော်မိုးကျေးရွာမှ ပုသိမ်-မြောင်းမြကားလမ်းမကြီးနှင့် ဆက်သွယ်သည့် ၃ ဖာလုံခန့်ဝေးသည့် မြင်းကဆိပ်နှင့် ထီးတော်မိုးဆက်သွယ်ရေးလမ်းမှ ကိုယ်ထူကိုယ်ထ နှင့် ပြုလုပ်ထားသော ကျောင်းကြမ်းအမာခံလမ်းဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ကျိုက်လတ်ရွာမှ ကားများကို ငှားရမ်းအသုံးပြုကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရသေးပါ။ ယခုအခါတွင် ဖယောင်းတိုင်၊ ရေနံဆီမီးခွက်၊ ဘက္ထရီ၊ ဆိုလာပြားအနည်းငယ်ကိုသာ ထွန်းလင်းနိုင်ကြသဖြင့် ရွာသူရွာသားများအနေဖြင့် လျှပ်စစ်မီးအသုံးပြုနိုင်ရန် လိုလားလျက် ရှိနေကြပါသည်။ သို့ဖြစ်ပါ၍သက်ဆိုင်ရာအစိုးရဌာနအသီးသီးမှ လျှပ်စစ်မီးအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါကဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ လျင်မြန်စွာ တိုးတက်ကောင်းမွန်လာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုသူ မရှိသလောက်ဖြစ်သော်လည်း တစ်ရွာလုံးအတိုင်းအတာအနေဖြင့် တီလီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရ ပါသည်။ ကျေးရွာတွင် စာကြည့်တိုက် မရှိသေးပါ။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှု၊ ဘာသာရေး၊ လူမှုရေးလုပ်ငန်းတို့ကို အေးချမ်းစွာဆောင်ရွက်နိုင်သည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအချက်လက် များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျိုက်လတ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျိုက်လတ်ရဲစခန်းသည် ဒေသတွင်း၌ သက်ငယ်မုဒိမ်းမဖြစ်ပွားရေးနှင့် ရန်ကုန်၊ ပုသိမ်မြို့များတွင် သွားရောက် အလုပ်လုပ်ကိုင် နေကြသော လူငယ်များ၏ မိဘများနှင့် တွေ့ဆုံ၍ လူကုန်ကူးမှု မဖြစ်ပွားရအောင် မိဘများထံ မကြာခဏဆက်သွယ်စေရန် သတိပေးမှုများကိုလည်း ပညာပေးဆွေးနွေးခြင်း၊ မကြာခဏ သတိပေးခြင်းများကို ဆောင်ရွက်ပေးသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ထီးတော်မိုးကျေးရွာသည် ပုသိမ်-မြောင်းမြကားလမ်းမကြီးမှ ခွဲ၍ ၃ ဖာလုံ အကွာအဝေး လမ်းမကြီးဘေးမှာတည်ရှိပြီး မြေပြန့်ဒေသဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံးသွားလာနိုင်သော်လည်း နွေအ ခါတွင် သွားလာရ လွယ်ကူပြီး မိုးတွင်း အခါတွင် လမ်းများပျက်စီးသဖြင့် သွားလာရ ခက်ခဲပါသည်။ ကျေးရွာတွင် ဈေးဆိုင်ကြီးများ မရှိသဖြင့် မြင်းကဆိပ်ကျေးရွာ၊ ပုသိမ်မြို့များသို့ သွားရောက်ဝယ်ယူကြရပါသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့် နီးစပ်သော်လည်း လျှပ်စစ်မီး မရှိသေးပါ ။ အချို့သော အိမ်ထောင်စုများမှာ တစ်အိမ်ထောင်သုံး ဆိုလာစနစ်သုံးလျှပ်စစ်မီး ဝယ်ယူအသုံးပြုကြပါသည်။ ချက်ပြုတ်စားသောက်ရာတွင် တစ်ရွာလုံး ထင်းမီးကိုသာ အသုံးပြုကြရပြီး ချို့တဲ့သောအိမ်ထောင်စုရှိ ကျောင်းသူ/ သားများ၏ စာဖတ်ချိန်တွင် ဖယောင်းတိုင်မီးကိုသာ အသုံးပြုကြရသဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်မှုရာခိုင်နှုန်းများမှာ နည်းပါးလျက်ရှိ ပါသည်။ အချို့သောအိမ်ထောင်စုများမှာ ဆိုလာလျှပ်စစ်မီးစနစ်များကို ဝယ်ယူအသုံးပြုနိုင်ကြသဖြင့် ၎င်းအိမ်တို့ရှိ ကျောင်းသူ/သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသ နှင့် သတင်း အစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။

ကျေးရွာတွင် လူဦးရေအားလုံး၏ ၇၅.၇၆% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အနည်းငယ်မျှရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး

အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့မှ လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်း များနှင့် ဝန်ဆောင်မှုများသို့လည်း အသင့်အတင့်လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် ပြင်းထန်ကြီးမားသော ရောဂါများအတွက် မြင်းကဆိပ်ဆေးခန်းသို့လည်းကောင်း ၊ လိုအပ် ပါကပုသိမ်ပြည်သူ့ဆေးရုံ ကြီးသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများ အတော်အသင့်ရှိပြီး အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ ပြင်ပပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက် ပိုမိုကောင်းမွန်လာစေရန်မျှော်လင့်ပြီး ထိုအထောက်အပံ့များဖြင့် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့ကောင်းများ ဖြစ်လာစေရေးမျှော်လင့်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များလာရောက်ပို့ချပေးရန် ကျေးရွာမှ တောင်သူများက မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးနှုန်း အသင့်အတင့်ကောင်းမွန်ပါသည်။ စပါး ကိုအဓိကစိုက်ပျိုးကြပြီး၊ တစ်နှစ်ပတ်လုံး ရေချိုရရှိခြင်းကြောင့် နွေ စပါး ၊ မိုး စပါး တို့ကို လွန်စွာ အထောက်အကူပြုပါသည်။ မြောင်းရေ၊ ချောင်းရေများကို အသုံးပြု၍ သီးနှံများကို စိုက်ပျိုးကြပါသည်။

လူငယ်များသည် ကျန်းမာရေးနှင့် အခြားလူမှုရေး ကိစ္စအဝဝတွင် ကျေးရွာရှိလူငယ်များမှာ လိုအပ်လျှင်လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး လူငယ်မိန်းကလေးများအနေဖြင့် ကျေးရွာရှိလုပ်ငန်းများတွင်သာ လုပ်ကိုင်ကြသဖြင့် အခြားရပ်ဝေးကျေးရွာများသို့ သွားရောက်လုပ်ကိုင်မှု နည်းပါးပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြား မတွေ့ရသေးပါ ။ ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိနေသော်လည်း အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးမှု အားနည်းသောကြောင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ကျေးရွာဖွံ့ဖြိုးမှု မရှိသေး ပါ ။

ဘာသာရေးပိုင်းတွင် မိမိတို့ ဘာသာအလိုက် တိုးတက်အောင် ဆောင်ရွက်နေကြသော်လည်း ရွာသူရွာသားများ၏ လူနေမှုစနစ်မြင့်မားရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း မရှိခဲ့ကြပါ။ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ခေတ်နှင့်အညီ တွေးခေါ်နိုင်သည့် ခေတ်ပညာတတ်

များကို မရွေးချယ်ကြဘဲ ပုဂ္ဂိုလ်ရေးအရသောလည်းကောင်း၊ မိသားစုအင်အား တောင့်တင်းမှုကို လည်းကောင်း၊ ချမ်းသာကြွယ်ဝမှုတို့ကိုလည်းကောင်း ကြည့်၍ရွေးချယ်ကြသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေခဲ့ခြင်းဖြစ်ပါသည်။

ကျေးရွာတွင် မြေလွတ်၊ မြေလပ်မရှိသဖြင့် တစ်နှစ်လျှင် (၂)ကြိမ် သီးထပ်စိုက်ပျိုးရန် အားထားနေသော်လည်း ပိုးမွှားများ၊ ရောဂါကျရောက်မှု အန္တရာယ်တို့နှင့် ရင်ဆိုင်နေရပြီး စပါး၊ ပဲ အထွက်နှုန်း လျော့ကျသည့် အန္တရာယ်မှာ အဟန့်အတားနှင့် စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေ ပါသည်။

ကျေးရွာတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရပ်တို့ကို မြင်းကဆိပ် အခြေခံပညာ အထက်တန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်သော်လည်း ထူးချွန် ထက်မြက် သည့် ကျောင်းသားများအတွက် မိဘများမှ ငွေကြေးမတတ်နိုင်၍ အဝေးသင် တက္ကသိုလ် ပညာရေး စနစ်ဖြင့်သာ ကျေနပ်ရသော ကျောင်းသားများ ရှိခဲ့ပါသည်။

ကျန်းမာရေးအတွက်လည်း ကျေးရွာတွင် သွေးလွန်တုတ်ကွေးရောဂါကြောင့် သေဆုံးသူ ကလေးများ ရှိခဲ့ပါသည်။ ရွာသားများ၏ ခေတ်နှင့်အညီ တွေးခေါ်မှုအပိုင်း အားနည်းခြင်း၊ ငွေကြေးမပြည့်စုံခြင်းတို့မှာ ပညာရေးနှင့် ကျန်းမာရေးအတွက် အဟန့်အတား စိန်ခေါ်မှု တစ်ရပ်ဖြစ်နေရ ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ကြီးထောင့်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းပြီး ယခုနှစ်အပါအဝင် (၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်း နှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားများ ကောင်းမွန်လာစေခြင်း၊ ကျောင်းသားများ၏ ပညာအရည်အချင်း တိုးတက်လာအောင် ဆောင်ရွက်ခြင်း လုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရမည်။

(က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာ အခြေခံအဆောက်အဦးများကို တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သား များ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှု ဘဝတိုးတက်ကောင်းမွန်လာစေရမည်။

(က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်ကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာသည် လူငယ်များ အရက်သေစာ သောက်စားမှုလျော့နည်းပြီး တွေးခေါ်မြော်မြင်မှုနှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

(ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေး တို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

(ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

(ခ.၃) ကျေးရွာတွင် စံချိန်မှီသော စာသင်ဆောင်တစ်ဆောင်နှင့် ပရိဘောဂ အသုံးအဆောင်ပစ္စည်းများ အလုံအလောက်ရှိနေသဖြင့် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းများအထိရရှိအောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်

အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာတွင် စာသင်ကျောင်းမရှိသေးသဖြင့် စာသင်ကျောင်းဆောင်များ၊ အားကစားပစ္စည်းအချို့နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများအား သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာန၊ အားကစားဦးစီးဌာနတို့မှ တာဝန်ယူဆောင်ရွက်ပေးစေလိုပါသည်။

## (ဂ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ခြင်း

အဓိကဆက်သွယ်ရေးလမ်းမဖြစ်သည့် မြင်းကဆိပ် ထီးတော်မိုး နှင့် တစ်ဆက်တည်းဖြစ်ပြီး မြေသားလမ်းဖြစ်သဖြင့် မိုးရာသီတွင် လမ်း ပေါ်ရေကျော်ခြင်း၊ လမ်းပေါ်၍ ရွံ့ဗွက်ထခြင်းတို့ကြောင့် သွားလာရန် ခက်ခဲသော လမ်းမဖြစ်သောကြောင့် ကလေးများအတွက် အန္တရာယ်ရှိသော လမ်းဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်း လုပ်ကိုင်ရာတွင်လည်း အဓိကကျသော လမ်းဖြစ်ပါ၍ ၎င်းလမ်းအား ကွန်ကရစ်လမ်းခင်းပေး ပါရန် ဒေသခံပြည်သူများမှ လိုလားနေကြပါသည်။

မြင်းကဆိပ်-ထီးတော်မိုး ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းကို ဖြတ်၍ ဖောက်လုပ်ထားသောရေမြောင်းနှင့် ကွန်ကရစ်တံတားကို လွန်ခဲ့သော အနှစ် (၁၀)ခန့်က အလှူရှင်တစ်ဦးမှ ဖောက်လုပ်လှူဒါန်းခဲ့ရာ ယခုအခါ၎င်းကွန်ကရစ်တံတားမှာ အောက်ခြေပြတ်၍ ပြိုကျလုနီးပါးဖြစ်နေပါ သဖြင့် ၎င်းတံတားကိုလည်း ပြန်လည်ဆောက်လုပ်ပေးစေလိုပါ သည်။ ကျေးရွာချင်းဆက်လမ်းနှင့် ကွန်ကရစ်တံတားအပါ အဝင် ရွာတွင်းလမ်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါ က တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေး ဖွံ့ဖြိုးမှုကို လွန်စွာအထောက်အကူပြုနိုင်မည်ဖြစ်ပါ သည်။

ကျေးရွာတွင် လျှပ်စစ်မီးမရှိပါ ။ သက်ဆိုင်ရာဌာန၏ အထောက်အကူ မရရှိသေးခြင်းနှင့် ရွာသားများ၏ ငွေကြေးအခက်အခဲရှိမှုများကြောင့် လျှပ်စစ်မီး မရရှိသေးပါ ။ ကျွန်ုပ်တို့၏ ကျေးရွာ မီးလင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၏ ကူညီပံ့ပိုးမှုနှင့် ငွေကြေးအထောက်အပံ့များ လိုအပ်လျက်ရှိ ပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှလည်း လိုအပ်သလိုပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာမီးလင်းနိုင်ရေး ဆောင်ရွက်ပါ မည်။ ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲခွင့်ရရှိလာပါ က ကျေးရွာနေ လုပ်သားပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်း၊ ကျောင်းသား/သူများအတွက် ညအခါစာဖတ်ချိန် အထောက်အကူများစွာရရှိနိုင်ပါ သည်။

**(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး**

ထီးတော်မိုးကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကောင်းစွာ ဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံးစိုက်ပျိုးရန် ရေရရှိပါသည်။ သို့သော် ကျေးရွာတွင်း လယ်ယာလုပ်သားရှားပါးလာခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းတတ်သော ဖောက်ပြန်သော ရာသီတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မီ ပြီးစီးရန် အနည်းငယ် အခက်အခဲကြုံတွေ့ ရတတ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာ စက်မှုလယ်ယာဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ လယ်ယာသုံးပစ္စည်းကိရိယာများ ရောင်းချပေးသော ပြင်ပကုမ္ပဏီများနှင့် ချိတ်ဆက် ပေးသင့်ပါသည်။ ထို့အပြင်အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

**(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ထီးတော်မိုးကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံ ချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး လုပ်ငန်းအတည်တကျမရှိဘဲ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကြုံရာ ကျပန်း လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပန်းရံသင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း တို့ကို လည်းကောင်း ဧရာဝတီတိုင်းဒေသကြီး- အသေးစားစက်မှုလက်မှု ဦးစီးဌာနမှ အခြေခံ မော်တော်ဆိုင်ကယ်ပြင်သင်တန်းတို့ကိုလည်းကောင်း ဖွင့်လှစ်သင်ကြား ပို့ချခဲ့ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိ

ရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။
-

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်

အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန် လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစား ပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ထီးတော်မိုးကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အခြေခံအဆောက်အအုံ(လမ်း/တံတား)** | | | | | |
| | ၁။ ရွာတွင်း မြေသားလမ်းအား ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်းခင်းရန်။ | ၁၀၀ | ၁ | ရွာတွင်းမြေသားလမ်းသည် တစ်နှစ်ပတ်လုံး အသုံးပြုနေကြသော်လည်း မိုးရာသီတွင် သွားလာရ ခက်ခဲနေပါသည်။ | ကျေးလက်ဦးစီး |
| **အခြေခံအဆောက်အအုံ(လမ်း/တံတား)** | | | | | |
| | ၂။ ရွာတွင်း မြေသားလမ်းအား ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်းခင်းရန်။ | ၉၅ | ၂ | | ကျေးလက်ဦးစီး |
| **အခြေခံအဆောက်အအုံ(လမ်း/တံတား)** | | | | | |
| | ၃။ ရွာအဝင် ကွန်ကရစ်တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန်။ | ၈၀ | ၃ | – ရွာအဝင်ကွန်ကရစ်တံတားသည် အောက်ခြေပြတ်ပြီး ပြိုကျတော့မည့်အခြေအနေတွင် ရှိနေသဖြင့် အန္တရာယ်ရှိနေပါသည်။ | ကျေးလက်ဦးစီး |
| **အခြေခံအဆောက်အအုံ(လျှပ်စစ်)** | | | | | |
